**TMH Telecom Public Company Limited ၏**

## (၂၀၂၀ -၂၀၂၁)ခုနှစ်ဘဏ္ဍာရေး စာရင်းရှင်းတမ်း အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့်(၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားကာ သုံးသပ်ထုတ်ပြန် ကြေငြာချက်ဖြစ်၍ ထိုဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ် နှင့်အတူ တွဲ၍ ဖတ်ရှုသင့်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးသည် မြန်မာကျပ်ငွေဖြင့် ဖော်ပြထားသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်းအကျဉ်းချုပ် ဖော်ပြချက် (ကျပ်ထောင်ပေါင်း)**

| | FY 2020-2021 | FY 2019-2020 | % Change |
|---|---|---|---|
| | Ks’ 000 | Ks’ 000 | |
| Revenue | 3,007,792 | 5,628,880 | -47% |
| Cost of Goods Sold | (2,303,569) | (3,166,327) | -27% |
| **Gross Profit** | **704,223** | **2,462,553** | **-71%** |
| Other Income | 184,949 | 330,327 | -44% |

| | | | |
|---|---|---|---|
| **Expense** | (1,593,012) | (2,118,817) | -25% |
| Profit/ (Loss) Before Tax | (703,840) | 674,064 | -204% |
| Tax Expense | | (134,813) | |
| **Net Profit/(Loss) After Tax** | **(703,840)** | **539,251** | **-231%** |
| Fair value adjustment of Investments | (13,860) | (17,325) | -20% |
| Share of profit of Associates and JVs | 130,316 | | |
| **Total Comprehensive Income** | (587,384) | 521,926 | -213% |
| **Basic EPS (MMK)** | | 42 | |

၂၀၂၁ခုနှစ် ၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ် (၂၀၂၀-၂၀၂၁)တွင် ဝင်ငွေသည် ကျပ်ငွေ (၃.၀)ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၀ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် ၏ ဝင်ငွေထက် ကျဆင်းခဲ့ပါသည်။

(၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်တွင် ရရှိသော ဝင်ငွေများကို အောက်ပါအတိုင်း ခွဲခြားစိတ်ဖြာနိုင်ပါသည်။

| | FY (2020-2021) | FY (2019-2020) |
|---|---|---|
| | MMK | MMK |
| - IFM Project | 1,908,964 | 2,012,325 |
| - Fiber Project | | 622,253 |
| - Mobile Project | 623,259 | 974,353 |
| - Others Project | 475,569 | 2,019,949 |
| **Total** | **3,007,792** | **5,628,880** |

ယခုဘဏ္ဍာနှစ် (၂၀၂၀-၂၀၂၁) ခုနှစ်တွင် အခြားဝင်ငွေများသည် ယခင်ဘဏ္ဍာရေးနှစ်ထက် (၄၄)ရာခိုင်နှုန်း လျော့နည်းလာခြင်းမှာ အဓိကအားဖြင့် အတိုးရငွေကြောင့် ဖြစ်ပါသည်။ ယခုနှစ် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၏ ဝင်ငွေကျဆင်းမှုရလဒ်များကြောင့် လုပ်ငန်းသုံးအသုံးစရိတ်နှင့် စီမံအုပ်ချုပ်မှုစရိတ်နှင့် အရောင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အသုံးစရိတ်များသည်လည်း (၂၇)ရာခိုင်နှုန်းနှင့် (၂၅)ရာခိုင်နှုန်း အသီးသီး လျှော့ချသုံးစွဲခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် လက်ရှိ အကြပ်အတည်းများကြောင့် ကုမ္ပဏီသည် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်တွင် အရှုံး (၀.၇)ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။

Available-for-sale ရင်းနှီးမြုပ်နှံမှုများ၏ တန်ဖိုးကို ပြန်လည်သတ်မှတ်ရာတွင် First Myanmar Investment Co., Ltd (FMI) မှ ဝယ်ယူထားသော ရှယ်ယာများကို ယခု ဘဏ္ဍာရေးနှစ် ကာလ၏ စာရင်းပိတ်ချိန်တွင်ရှိသော အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ရှယ်ယာဈေးနှုန်းနှင့်အညီ တန်ဖိုးသင့်ခဲ့ပါသည်။ ကုမ္ပဏီ၏အစုစပ် ကုမ္ပဏီ တစ်ခုဖြစ်သည့် Myanmar GT Broadband Co., Ltd မှ ၂၀၂၁ခုနှစ် ၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်အတွက် အမြတ်ငွေ (၀.၁၃)ဘီလီယံရရှိခဲ့ပါသည်။

ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| **Assets** | **FY 2020-2021**<br>**Ks' 000** | **FY 2019-2020**<br>**Ks' 000** | **% Change** |
|---|---|---|---|
| Total Non-Current Assets | 3,867,415 | 3,862,319 | 0.13% |
| Total Current Assets | 11,802,921 | 13,497,449 | -12.55% |
| **Total Assets** | **15,670,336** | **17,359,767** | **-9.73%** |
| **Equity & Liabilities** | | | |
| Total Equity | 14,807,490 | 16,260,081 | -8.93% |
| Total Liabilities | 862,846 | 1,099,686 | -21.54% |
| **Total Equity & Liabilities** | **15,670,336** | **17,359,767** | **-9.73%** |

ယခုဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁)တွင် လက်ငင်းရပိုင်ခွင့်သည် (၁၂.၅၅)ရာခိုင်နှုန်းကျဆင်းပြီး ထိုသို့ ကျဆင်းခဲ့ခြင်းမှာ ဖုန်းငွေဖြည့်ကဒ်ဖြန့်ဖြူးခြင်းနှင့် သက်ဆိုင်သောကုန်လက်ကျန်ထားရှိမှုကို ကန့်သတ်ဝယ်ယူ ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယခု ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁) တွင် ကုမ္ပဏီ၏ လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် (၀.၁၃) ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ ထို့သို့တိုးလာရခြင်းမှာ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီ တစ်ခုဖြစ်သည့် (Myanmar GT Broadband Company Limited) မှ ရရှိသည့် အမြတ်ငွေကြောင့် ဖြစ်ပါ သည်။

ယခုဘဏ္ဍာရေးနှစ်(၂၀၂၀-၂၀၂၁) တွင်လက်ငင်းပေးရန်တာဝန်သည် ၂၁.၅၄ရာခိုင်နှုန်း ကျဆင်းသွားရပြီး ထိုသို့ ကျဆင်းသွားရခြင်းမှာ ဖောက်သည်များထံမှ ကြိုတင်ရရှိထားသော ငွေများကို ယခုကာလတွင် ဝင်ငွေအဖြစ် သတ်မှတ်၍ ပြောင်းလဲစာရင်းရေးသွင်းထားခြင်းကြောင့် ဖြစ်ပါသည်။

**သုံးသပ်ချက်နှင့် အလားအလာ**

တီအမ်အိတ်ချ်ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့မှ တင်ပြလိုသည်မှာ ကုမ္ပဏီသည် လက်ရှိနိုင်ငံရေး အကြပ် အတည်းနှင့် ကိုဗစ်-၁၉ကပ်ရောဂါကာလအတွင်း ကုမ္ပဏီရှိဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေးကို ပထမဦးစားပေးအနေဖြင့် တာဝန်ခံဆောင်ရွက်လျက် လုပ်ငန်းများ ဆက်လက်လည်ပတ်လုပ်ကိုင်လျက်ရှိ ပါသည်။ ခက်ခဲသည့်အခြေအနေများရှိနေသော်လည်း ကျွန်ုပ်တို့သည် ဆက်သွယ်ရေးကွန်ယက်များမှ အများပြည်သူများ အတွက် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

လက်ရှိအခြေအနေကြောင့် စီမံကိန်းလုပ်ငန်းအများစုကို ရပ်ဆိုင်းထားရခြင်းများရှိခဲ့သဖြင့် (၃၀-၉-၂၀၂၁)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်ရှင်းတမ်းတွင် ဘဏ္ဍာရေးရလဒ်များ ကျဆင်းမှုများရှိခဲ့ပါသည်။ ထိုသို့ကျဆင်းမှုရှိခဲ့သော်လည်း စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးအမြတ်ကို သေချာမှုရှိစေရန် ကြိုးပမ်းလျက်ရှိပြီး အသုံးစရိတ်များနှင့် အရင်းအမြတ်များကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲလျက် ရှိပါသည်။

ယခုဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေးဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ပုံမှန်အတိုင်း လည်ပတ်လျက်ရှိနေပါသည်။ TMH ကုမ္ပဏီ၏ အစုစပ် ကုမ္ပဏီတစ်ခုဖြစ်သော Myanmar GT Broadband Co., Ltd မှလည်း အင်တာနက်သုံးစွဲသူများထပ်မံတိုးပွားလာသည့် ရလဒ်ကောင်းများ ရရှိခဲ့ခြင်းကြောင့် အကျိုးအမြတ် များကို ရရှိခဲ့ပါသည်။

ထို့အပြင် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် နောင်လာမည့် ဘဏ္ဍာနှစ်များအတွက် အကောင်းဆုံး ရလဒ်များ ရရှိလာစေရန်အတွက် အလားအလာရှိသော လုပ်ငန်းများကို ဆက်လက်၍ အကောင်အထည် ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်နေ့။